# The Baptism of the Lord - C

**1st READING:** ***Isaiah 42:1-4, 6-7***
ယေရှာယအနာဂတ္တိကျမ်း  ၄၂း ၁–၄၊ ၆–၇

ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ ထိုသူ၏ အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ အော်ဟစ်ခြင်း၊ ကြွေး ကြော် ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏ အသံကို အဘယ်သူမျှမကြားစေရ။ နင်းနယ်လျှက်ရှိသော ကျူပင်ကို မချိုး။ အတောင့် သေးသော မီးစာကို မသတ်။ တရားသည် မြဲမြံခြင်းသို့ ရောက်မည့်အကြောင်း စီရင်လိမ့်မည်။ မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမီတွင် အားမလျော့၊ စိတ်လည်းမပျက်ရ။ သူ၏ တရားကိုလည်း၊ တစ်ကျွန်းတစ်နိုင်ငံသားတို့ သည် မျှော်လင့်ကြလိမ့်မည်။ငါထာဝရဘုရားသည် သင့်ကို တရားသဖြင့်ခေါ် ထာသည်ဖြစ်၍ လက်ဆွဲလျှက်ထောက်မမည်။ သင်သည် ကန်းသောမျက်စိတို့ကို ဖွင့်စိမ့်သောငှာ ရင်း၊ ချုပ် ထားသော သူတို့ကို လွှတ်စိမ့်သောငှာရင်း၊ မှောင်မိုက်၌ နေသောသူတို့ကို အမိုက်ထောင်ထဲက နှုတ် ယူ စိမ့်သော ငှာရင်း၊ သင့်ကို လူများနှင့် ပဋိညာဉ်ဖွဲ့စရာဘို့၊ လူအမျိုးမျိုး လင်းစရာဘို့ ခန့်ထားမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  29: 1-2, 3-4, 3, 9-10
## ဆာလံကျမ်း ၂၉

**သံပြိုင်။ ။ ထာဝရဘုရားသည်မိမိ၏လူမျိုးတော်အားငြိမ်းချမ်းသာယာမှုနှင့်ပြည့်သည့်ကောင်းချီးမင်္ဂလာပေးတော်မူမည်။**

၁။ အိုကောင်းကင်သားတို့ထာဝရဘုရားကိုအသိအမှတ်ပြုကြလော့။ ဘုန်းဂုဏ်တော်နှင့်ခွန်အားဗလသည်ထာဝရဘုရားနှင့်သာသက်ဆိုင်ကြောင်းအသိအမှတ်ပြုကြလော့။ နာမတော်၏ဘုန်းဂုဏ်တော်သည်ထာဝရဘုရားနှင့်သာသက်ဆိုင်ကြောင်းအသိအမှတ်ပြုကြလော့။ သန့်ရှင်းမြင့်မြတ်သောဂုဏ်ကျက်သရေနှင့်တင့်တယ်တော်မူသောထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ကြလော့။ **သံပြိုင်**

၂။ ထာဝရဘုရား၏အသံတော်သည်ရေပြင်ပေါ်တွင်တည်ရှိတော်မူ၏။ ဘုန်းကြီးတော်မူသောဘုရားသခင်သည်မိုးချုန်းတော်မူ၏။ ထာဝရဘုရားသည်ရေများပေါ်တွင်တည်ရှိတော်မူ၏။ထာဝရဘုရား၏အသံတော်သည်ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံတော်မူ၏။ ထာဝရဘုရား၏အသံတော်သည်ဂုဏ်ကျက်သရေနှင့်ပြည့်ဝလျက်ရှိ၏။ **သံပြိုင်**

၃။ကိုယ်တော်၏ဗိမာန်တော်တွင်လူအပေါင်းတို့ကဘုန်းဂုဏ်တော်ရှိစေသတည်းဟုကြွေးကြော်ကြ၏။ထာဝရဘုရားသည်ရေလှိုင်းလုံးများအထက်တွင်စံပယ်တော်မူ၏။ကိုယ်တော်သည်ဘုရင်မင်းမြတ်အဖြစ်ပလ္လင်ပေါ်တွင်အစဉ်ထာဝရထိုင်တော်မူ၏။ **သံပြိုင်**

**2nd READING: Acts 10:34-38**

တမန်တော်ဝတ္ထု **၁၀း ၃၄–၃၈**

ပေတရုသည်လည်း မိမိနှုတ်ကိုဖွင့်၍ပြောသည်ကားဘုရားသခင်သည် မျက်နှာမလိုက်ကြောင်းကို ငါ အမှန်တကယ်သိမြင်ရပြီ။ လူမျိုးတိုင်းတွင် မည်သူမဆို ဘုရားသခင်ကို ကြောက် ရွံ့ရိုသေ၍ဖြောင့်မှန်သောအရာကို လိုက်နာကျင့်ကြံသောသူသည် ကိုယ်တော်နှစ်သက်လက်ခံဖွယ်ဖြစ၏ ။ ကိုယ်တော်သည် နှုတ်ကပတ်တရားတော်ကို အစ္စရေးလ်လူမျိုးထံသို့စေလွှတ်တော်မူ၍ ယေရှုခရစ်တော်အားဖြင့် ငြိမ်းချမ်းသာယာခြင်း၏သတင်းကောင်းကို ဟောပြောစေခဲ့ကြောင့် သင်တို့သိကြ၏။ ထိုသူသည် လူအပေါင်းတို့၏သခင်ဖြစ်တော်မူ၏။ ယောဟန်သည်ဆေးကြောခြင်းကို ဟောပြောခဲ့ပြီးနောက်ဂါလိလေနယ်မှစ၍ ဂျူဒေယပြည် တစ်လျှောက်လုံးတွင် ထိုနှုတ်ကပတ်တော်သည် ကြေငြာဟောပြောခြင်းခံခဲ့ရ၏။ ဘုရားသခင်သည် နာဇရက်မြို့သာယေရှုကိုသန့်ရှင်းသော ဝိညာဉ်တော် နှင့် ဘုန်းတန်ခိုးတော်အားဖြင့် မည်သို့ ဘိသိတ်သွန်းလောင်းခဲ့သည်ကိုလည်းကောင်း၊ယေရှု သည်လှည့်လယ်သွားလာ၍မည်သို့ ကောင်းမှုများပြု၍ နတ်ဆိုးဖိစီးနှိပ်စက်သူများကို ပျောက်ကင်းစေခဲ့သည်ကို လည်းကောင်းအကြောင်းများ ဖြစ်သတည်း။ အကြောင်းမူကား၊ဘုရားသခင်သည် ကိုယ်တော်နှင့်အတူရှိတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke: 3:15-16, 21-22***
**ရှင်လုကာဧဝံဂေလိကျမ်း ၃း၁၅–၁၆ ၊၂၁–၂၂**

လူများသည်ကားယောဟန်သည်ခရစ်တော်ဖြစ်မည်လောဟုအသီးသီးမိမိတို့စိတ်နှလုံးတွင်မေးမြန်းလျက်၊သူနှင့်ပတ်သက်၍မျှော်လင့်နေကြသောအခါ။ ယောဟန်ကငါသည်သင်တို့ကိုရေဖြင့်ဆေးကြော၏။ ငါ့နောက်တွင်ကြွလာမည့်သူသည်ငါ့ထက်ကြီးမြတ်သောကြောင့်သူ၏ခြေနင်းတော်ကြိုးကိုမျှဖြေခြင်းငှာငါမထိုက်တန်။ သူသည်သင်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်းကောင်း၊ မီးဖြင့်လည်းကောင်းဆေးကြောတော်မူလိမ့်မည်။ လူအပေါင်းတို့သည်ဆေးကြောခြင်းခံယူပြီးကြသောအခါ၊ သခင်ယေရှုသည်လည်းဆေးကြောခြင်းကိုခံယူတော်မူ၍၊ ဆုတောင်းနေတော်မူစဉ်ကောင်းကင်သည်ပွင့်လာပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည်ချိုးငှက်သဏ္ဍာန်ဖြင့်ကိုယ်တော်အပေါ်တွင်ဆင်းသက်တော်မူ၏။ ကောင်းကင်မှထွက်ပေါ်လာသောအသံတော်သည်ကား၊ သင်သည်ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်းဟူ၍ဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။